

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

အမေရိကန်နိုင်ငံ၊ ပနားမားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံရောက် မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များအနေဖြင့် ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် အသိပေးကြေညာခြင်း

(၁၂-၁၁-၂၀၂၆၊ ဝါရှင်တန်မြို့)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်တော်အသီးသီးတွင် လွတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက် (တနင်္ဂနွေနေ့) တွင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် မဲဆန္ဒနယ်များအား ကြေညာချက်အမှတ်(၆၈/၂၀၂၆)ဖြင့်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ (အဆိုပါ ထုတ်ပြန်ချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ https://uec.gov.mm နှင့် မြန်မာသံရုံး၊ ဝါရှင်တန်မြို့၏ https://mewashingtondc.org များ၌ ဖတ်ရှုနိုင်ပါသည်။)

၂။ သို့ဖြစ်ပါ၍ အမေရိကန်နိုင်ငံရှိ မြန်မာသံရုံး၊ ဝါရှင်တန်မြို့၏ ကောင်စစ်နယ်မြေများ ဖြစ်သည့် မြို့တော် Washington D.C. နှင့် Alabama, Arkansas, Colorado, Connecticut, Delaware, Florida, Georgia, Idaho, Illinois, Indiana, Iowa, Kansas, Kentucky, Louisiana, Maine, Maryland, Massachusetts, Michigan, Minnesota, Mississippi, Missouri, Montana, Nebraska, New Hampshire, New Jersey, New York, North Carolina, North Dakota, Ohio, Oklahoma, Pennsylvania, Rhode Island, South Carolina, South Dakota, Tennessee, Texas, Utah, Vermont, Virginia, West Virginia, Wisconsin, Wyoming ပြည်နယ်များနှင့် Puerto Rico, U.S. Virgin Islands နယ်မြေများ၊ ပနားမားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံများသို့ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် ရောက်ရှိနေသူများအနက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်များတွင် အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်များဖြည့်သွင်းရန် ပုံစံ(၁၅) အား ဖြန့်ဝေအပ်ပါသည်။

၃။ မဲဆန္ဒရှင်များသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)ဖြင့် တောင်းဆိုရာတွင် မဲဆန္ဒနယ်(၅၅)နယ်အနက် မိမိနှင့်သက်ဆိုင်သည့် မဲဆန္ဒနယ်အတွက် တောင်းဆိုရန် ဖြစ်ပါကြောင်းနှင့် ပုံစံ(၁၅)ကို အချက်အလက် ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်လျက် ရှင်းလင်းပြတ်သားသည့် မှတ်ပုံတင်မိတ္တူ၊ နိုင်ငံကူးလက်မှတ်မိတ္တူတို့နှင့်အတူ မြန်မာသံရုံး ဝါရှင်တန်မြို့၏ အောက်ဖော်ပြပါလိပ်စာသို့ တောင်းဆိုသူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့် ပေးပို့၍ဖြစ်စေ၊ အီးမေးလ်မှတစ်ဆင့် ပေးပို့၍ဖြစ်စေ **၁၂-၁၁-၂၀၂၆ ရက်မှ ၂-၁၂-၂၀၂၆ ရက် (ညသန်းခေါင် ၁၂ နာရီ အချိန်အထိ)** ပေးပို့နိုင်ပါသည်။ ပုံစံ(၁၅)များ ပေးပို့သည့်အခါ မြန်မာသံရုံးနှင့် မဲဆန္ဒရှင်များအကြား အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုပြုနိုင်ရန် ဆက်သွယ်ရမည့်လိပ်စာ၊ အီးမေးလ်နှင့် ဖုန်းနံပါတ်များကိုပါ ပြည့်စုံစွာ ထည့်သွင်းဖော်ပြပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်-

Embassy of the Republic of the Union of Myanmar

2300 S Street, N.W, Washington D.C., 20008, USA

Email: myanmaremb2015@gmail.com

Tel: +1 (202) 332 3344

၄။ သတ်မှတ်ရက်နောက်ပိုင်း ပေးပို့လာသည့် ပုံစံ(၁၅)များကို မြန်မာသံရုံးမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့ဆောင်ရွက်မည် မဟုတ်ပါကြောင်း၊ ပုံစံ(၁၅) ပေးပို့ထားခြင်းမရှိသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိမည်မဟုတ်ပါကြောင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ပေးပို့လာသည့် ကြိုတင်ဆန္ဒမဲပေးခွင့်ရရှိသူစာရင်းတွင် ပါဝင်သည့် မဲဆန္ဒရှင်များသည် မြန်မာသံရုံး၊ ဝါရှင်တန်မြို့မဲရုံသို့ လူကိုယ်တိုင် လာရောက်၍ ဆန္ဒမဲပေးရမည် ဖြစ်ပါကြောင်း သိရှိနိုင်ပါရန် ကြိုတင်အသိပေးအပ်ပါသည်။

၅။ အမေရိကန်နိုင်ငံအနီးဝန်းကျင်ရှိ နိုင်ငံများတွင် နေထိုင်ကြသော မြန်မာနိုင်ငံသားများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန်အတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို နီးစပ်ရာမြန်မာသံရုံးသို့ ပေးပို့နိုင်ပါကြောင်းကိုလည်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
081
WASHINGTON

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်
ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[နည်းဥပဒေ ၈၁ (က)၊ ၈၂ (က)]

ဥက္ကဋ္ဌ

---------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ---------- သည် ---------- ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာ မြို့နယ်၏ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ----------

(၂) တိုင်းရင်းသားလူမျိုး ----------

(၃) နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------

(၄) မွေးသက္ကရာဇ် (အသက်) ----------

(၅) အဘအမည် ----------

(၆) အမိအမည် ----------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ - အမှတ် ( )

----------လမ်း/ကျေးရွာ၊ ---------- ရပ်ကွက်/ကျေးရွာအုပ်စု၊

----------မြို့နယ်၊ ---------- တိုင်းဒေသကြီး/ပြည်နယ်

(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ----------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန (ပြည်တွင်း) ----------

(၉) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ----------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ (ပြည်ပ)----------

(နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်)

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ ----------

(*တောင်းဆိုသူ၏အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်း ဖြစ်ရမည်)